# For Those Seeking the Truth & Dynamic Living

## သမ္မတရားနှင့် ကြွယ်ဝသော အသက်တာ ရှာဖွယ်သူအတွက်

# Christ is Victor

ခရစ်တော်သည် အောင်နိုင်သူ မတ်လ၊ ဧပြီလ– ၂၀၁၂

"ယေရှုသည် ကွဲနေသောသင်၏ အသက်ကို ပြန်လည်တည်ဆောက်နိုင်သည်။"

## "Jesus is Able to Rebuild Your Broken Life"

"ရှေးကာလကဲ့သို့ အကျွနုပ်တို့ကာလကို အသစ်ပြုပြင်တော်မူပါ။"

(ယေရမိပြည်တမ်းစကား ၅း၂၁)

လူသားတို့တွင် အပြစ်၏ကြောက်မက်ဖွယ်အကျိုးသက်ရောက်မှုကို မြင်ရသောအခါ ကျွနုပ်တို့သည် ဘုရား သခင်ရှေ့တော်၌ ဝန်ချတောင်းပန်သင့်သည်။ ဘုရားသခင်သည် ကျွနုပ်တို့၏ အဆိုးဝါးအမှောင်မိုက်ဆုံး အခြေအနေအတွင်းမှသူ၏ တရားမျှတခြင်းနှင့် တန်ခိုးတော်ကို ဝန်ခံစေလိုလျှက်နောင်တနှင့် အထံတော်သို့ ပြန်လာစေလိုတော်မူသည်။ ကျွနုပ်တို့သည် ကိုယ်ခန္ဓာနှင့်ဝညဉ်ရေးရင့်ကျက်သည့်အခါ ဆရာဝန်များကို တိုင်ပင်ပြီး ကုသခြင်းပြုလုပ်ခဲ့သည်။

ယေရမိသည် ပျက်စီးနေသော ဂျေရုစလင်မြို့အလယ်တွင် ထိုင်ကာ စိတ်ဒုက္ခပြင်းစွာ ခံစားရလျှက်မြွက်ဆိုမြည်တမ်းခဲ့သည်။ ဘုရားသခင်၏လူမျိုးတော်တို့ ပြင်းစွာခံစားသော နာကျင်ခြင်းတို့အတွက် သူသည် ငိုကြွေးမြည်တမ်းခဲ့သည်။ လူအများစုသည် ပျက်စီးခံစားရသည့်အခါ အထံတော်သို့ပြန်လာတော်မူခြင်းမရှိပဲ ဘုရားသခင်၏ တရားမျှတမှုအပေါ် သံသယရှိပြီး ပျက်စီးခြင်းသို့ရောက်ရှိခဲ့ကြသည်။ နိုးထပြီးနောင်တရသည့် အခါတွင် နောက်ကျသွားပြီးထိခိုက်ပျက်စီးစေခဲ့သည်။ ထို့ကြောင့်ယေရမိက"ရှေးကာလကဲ့သို့ အကျွနုပ်တို့ ကာလကို အသစ်ပြုပြင်တော်မူပါ"ဟုမြည်တမ်းခဲ့သည်။ မြည်တမ်းစကားများကို ဖွဲ့ဆိုသူက အကျွနုပ်တို့သည် ဤဒုက္ခဝေဒနတွေကို ခံစားသင့်ပါသည်ဟု သိနားလည်သောကြောင့် ဘုရားသခင်၏ တရားမျှတခြင်းကိုမည်သည့်အခါမျှ မေးခွန်းမထုတ်ခဲ့ပါ။ ဘုရားသခင်သည် အကျွန်ုပ်တို့၏အပြစ်နှင့် ဆိုးညစ်မိုက်မဲ့မှုတို့အတွက် အပြစ်ဒဏ်စီရင်ရာ၌ ဖြောင့်မတ်မှန်ကန် တော်မူသည်။ ယေရမိက "ထာဝရဘုရားသည် သင့်ကို အမြီးမဖြစ်စေဘဲ ခေါင်းဖြစ်စေတော်မူသဖြင့်၊ သင်သည် အောက်၌မနေရဘဲ အပေါ်၌သာ အခွင့်ရှိလိမ့်မည်"ကို ယုံကြည် သဘော

ပေါက်ခဲ့သည်။ ဘုရားသခင်သည် ဣသရေလအမျိုးတို့ကို အဲဂုတ္တုကျွန်မှ ရွေးနှုတ်ကယ်လွှတ်တော်မူပြီး တော တစ်လျှောက်လမ်းပြပို့ဆောင်ခဲ့သည်။ ထို့ကြောင့်ယေရမိက၊" အကျွန်ုပ်တို့ထံပြန်လှည့်ပြီး အသစ်ပြုပြင်တော်မူပါ"ဟုမိန့်တော်မူခဲ့သည်။ ယုံကြည်သူများ၊ အသင်းတော်နှင့် သာသနာပြုပုဂ္ဂိုလ်များအတွက် အသစ်ပြုပြင်တော်မူခြင်းကို လိုအပ်လှပေသည်။

ယေရှုခရစ်တော်သည် တောင်ပေါ်၌တရားဒေသနာဟောပြောသည့်အခါတွင် မုန်ညင်းစေ့နှင့်ပုံဥပမာပြောခဲ့သည်။ မုန်ညင်းစေ့သည် သေးသောအရာဖြစ်ပေမယ့် ကြီးထွားသည့်အခါအပင်ထူထောင်းလှပ၏။ ဤကဲ့သို့ယုံကြည်သူသည် အသက်တာကို တရားဟောဒေသနာနှင့်ကြီးထွားရန်လိုအပ်ပါသည်။

ဘုရားသခင်၏သစ္စာတော်နှင့်စပ်လျဉ်းသည့်အထင်ရှားဆုံးသောသာဓကမှာ၊ ဘုရားသခင်၏ ဂတိတော်အလုံးစုံကိုပြည့်စုံစေခဲ့သည့် ယေရှုခရစ်တော်တည်းဟူသော မိမိ၏ သားတော်ကို စေလွှတ်ခဲ့သည့် သာမကပင်ဖြစ်သည်။ ဘုရားသခင်သည် သစ္စာရှိတော်မူသောကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကို လုံးဝအမှီပြု၍ ယုံကြည်ကိုးစားသင့်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ သစ္စာရှိခြင်းကို အတုယူ၍ အသက်ရှင်နေသောကြောင့် သစ္စာရှိခြင်းသည် ခရစ်ယာန်အသက်တာ၌ ဤထူးခြားသော အရည်အချင်းတခုအဖြစ်ရှိနေသင့်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူတစ်ပါးက ယုံကြည်အားကိုးနိုင်သော အရည်အချင်းရှိသည့်လူများဖြစ်စေလိုသည်။ သင်၏ ကျန်းမာရေးသည်မကောင်း၍နေပါသလား။ ဘုရားသခင်ထံတောင်း၍ဆက်ကပ်ဆုတောင်းပါ။ ကျန်းမာသောအသက်တာသစ်ပြန်လည်ပေးရန်ဆုတောင်းတော်မူပါ။ ဒီကနေ့စိတ်ပူပန်သော သူများထံသို့ ယေရှုခရစ်တော်ကို သန်မာသောခွန်အားအသစ်ပေးရန်တောင်းကြလော့ ချစ်ခြင်းမေတ္တာမရှိသော နေရာတွင်ခါးသော စကားပြောတတ်ကြ၏။ ချစ်ခြင်းမေတ္တာသည်ကုသခြင်းအရာပင်ဖြစ်၏။ ကျွန်ုပ်တို့သည်မည်သို့သော အခြေအနေမျိုးတွင်ရှိနေစေကာမူဘုရားသခင်၌ မြော်လင့်လျှက်ကိုယ်တော်၏ ကယ်တင်ခြင်းကို ငြိမ်သက်စွာစောင့်စားနေရပါမည်။

–ယောရှုဒံယေလ

## ဟေလီ၏ ကြယ်ပျံ

## "Halley's Comet"

ကျောင်းသားတိုင်းသည် ကျော်ကြားသော အိုင်ဇက်နူးတန်၏ ရှာဖွေတွေ့ရှိသော ကျဆင်းနေသော ပန်းသီးအကြောင်းကို သိရှိနားလည်ခဲ့မည်ဖြစ်သည်။ ရှာဖွေတွေ့ရှိအရ တရားဥပဒေ၏ ကမ္ဘာဆွဲအား ၁၆၀၀ အပြောင်းအလဲဖြစ်စေကြောင့်လေ့လာခဲ့သည်။ ဟဲလီ၏ ပထမဆုံးထင်မြင်ချက်သည် သင်္ချာတွက်ချက်နှင့် အမှားကို မှန်အောင်လုပ်ပြီး ဂြိုဟ်မြေတိုင်းပညာနှင့် ရှာဖွေတွေ့ရှိခြင်းကို ထင်ရှားအောင်ပြုလုပ်ခဲ့သည်။ ဟဲလီသည် သူ၏ ကြီးမားသော အလုပ်ကို ချော့၍ပြောပြီး သဘာဝသင်္ချာအဓိက အရင်းအမြစ်၏ ဒသာနိကနှင့် ရှာဖွေပြုလုပ်ခဲ့

သည်။ သူ၏ရှာဖွယ်တွေ့ရှိမှုကြောင့် နက္ခတ်လှည့်ရာခရီးလမ်းအကြောင်းကိုလဲကြိုတင်ပြောဆိုနိုင်ပြီး ကျော်ကြားလာခဲ့သည်။ ဟဲလီသည် သိပ္ပံပညာရှင်တစ်ဦးဖြစ်သော်လည်းပဲ သူ၏ ဆောင်းပါးသည် ယေဟာန်က ယေရှုအကြောင်းပြောသည်မှာ"ခရစ်တော်သည် အသိပညာနှင့် တိုးပွားပြီးအကျွန်ုပ်သည်ကားကျဆင်းမည်"ဖြစ်သည်။

## စမ်းစစ်ရန်

## "Reality Check"

"ငါသည် ဘုရားသခင်ဖြစ်ကြောင်းသင်တို့သိကြလော့၊ ငါ၏ နာမတော်သည် ဤကမ္ဘာ၌ ချီးကျူးဂုဏ်ပြုမည်ဖြစ်သည်။"

## "ကမ္ဘာပေါ်တွင် အချမ်းသာဆုံးသောလူ"

## "Richer than the richest man on Earth"

ထို့ကြောင့်ငါတို့သည် အားလျော့စိတ်ပျက်ခြင်းနှင့် ကင်းလွတ်ကြ၏။ ငါတို့၏ ပြင်ပလူသည် ဖောက်ပြန်ပျက်ဆီးခြင်းသို့ရောက်သော်လည်း အတွင်းလူမူကား တနေ့ထက်တနေ့ပြုပြင်ခြင်းကို ခံစားရ၏။ (II Corin ၄း၁၆)။

ဤအရာသည် ဘုရားသခင်လူများ၏ အတွေ့အကြုံဖြစ်သည်။ ခရစ်တော်၌ အသက်ရှင်သော အသက်တာသည်နေ့တိုင်းအသစ်ပြုပြင်တော်မူ၏။ ကိုယ်ခန္ဓာ၌ အားနည်းသော်လည်းပဲ ဝိညဉ်ရေး၌ သန်မာပြီးကြီးထွား၏။ ဘုရားသခင်၏ သားသမီးများသည် လောကီသာမန်လူများထက်များစွာသော အလုပ်လုပ်နိုင် ၏။ ဤလောကအံ့သြဖွယ်ဖြစ်အောင် သန့်ရှင်းသော ဝိညဉ်တော်သည် ကြီးမားသော အလုပ်လုပ်နိုင်၏။ "ထင်ရှားသောအရာတို့ကို မကြည့်မမှတ်ပဲ မထင်ရှားသောအရာတို့ကို ကြည့်မှတ်ကြစဉ်အခါ၊ ယခုအခါမှစ၍ ပေါ့ပါးသော ဆင်းရဲခြင်းဒုက္ခသည် အတိုင်းအထက် အလွန်ကြီးမြတ်လေးလံသောနိစ္စထာဝရဘုန်းသရေကို ငါတို့အဘို့ဖြစ်စေတတ်၏။ (IICorin ၄း၁၈)။ သင်မတွေ့နိုင်သော အရာသည် ယုံကြည်ခြင်းနှင့် မြင်တွေ့နိုင်၏။ သင်၏မျှော်လင့်ခြင်းသည် တိုးပွားမည်ဖြစ်သည်။ ငါတို့သည် မျှော်လင့်ခြင်းအားဖြင့် ကယ်တင်တော်မူခြင်းသို့ ရောက်ကြ၏။ မျှော်လင့်သောအရာကို တွေ့ချင်လျှင် မျှော်လင့်စရာအကြောင်းမရှိ။ တွေ့မြင်သောအရာကို အဘယ်ကြောင့်မျှော်လင့်ရမည်နည်း။ (ရောမ ၈း၂၄)။ ဘုရားသခင်သည် အရာခပ်သိမ်းကို ပိုင်သသည်။ ကိုယ်တော်သည် ချမ်းသာကြွယ်ဝခြင်းအလုံးစုံ၏ အရင်းအမြစ်ဖြစ်သည်။ ဘုရားသခင်သည် မိမိ၏ လူမျိုးတော်အပေါ်သို့ ကောင်းကြီးမင်္ဂလာသွန်းလောင်းတော်မူမည်ဟုဂတိပြုတော်မူသည်။ ထိုကောင်းကြီးမင်္ဂလာများသည် ဥစ္စာ

ပစ္စည်းများဖြစ်နိုင်သော်လည်း၊ မူလအားဖြင့် ဝိညာဉ်နှင့်ဆိုင်သောအရာဖြစ်သည်။ ကျွန်ုပ်တို့၏ ဤသက်တာတွင် စုံစမ်းနှောင့်ယှက်ခြင်းနှင့် ဒုက္ခခံစားနေရသော အချိန်များတွင်ပင် ထူးခြားသော ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းကို ကြုံတွေ့ခံစားရသည်။ စုံလင်သော ချစ်ခြင်းမေတ္တာဖြောင့်မတ်ခြင်းနှင့် ပြည့်စုံတော်မူသော ဘုရားသခင်၏ လူမျိုးစုတွင် အသက်ရှင်ရသောကောင်းကြီးမင်္ဂလာတည်းဟူသော ကျွန်ုပ်တို့အတွက် သိုထားတော်မူသည့် ဘုရားသခင်၏ ထာဝရကောင်းကြီးမင်္ဂလာများကို ရရှိမည်ဖြစ်သည်။

သို့သော်လည်း တန်ခိုးတော်၏ ဂုဏ်သရေသည် ငါတို့နှင့်မဆိုင်၊ ဘုရားသခင်နှင့်ဆိုင်မည်အကြောင်း၊ ထိုဘဏ္ဍာသည် မြေအိုးထဲ၌ထည့်ထားလျက် ငါတို့၌ရှိ၏။ ငါတို့သည် အမျိုးမျိုးသောနှောင့်ယှက်ခြင်းကို ခံရသော်လည်း၊ အကျိုးနည်းခြင်းသို့မရောက်၊ မကြံစည်နိုင်အောင်ရှိသော်လည်း စိတ်မပျက်၊ ညှဉ်းဆဲခြင်းကို ခံရသော်လည်း ရှုံးသွပ်ခြင်းမရှိ၊ အောက်သို့လှံခြင်းကို ခံရသော်လည်း ရှုံးခြင်းမရှိ။ ယေရှုသည် အသက်ရှင်သော်မူကြောင်းကို ငါတို့၏ သေတတ်သော ခန္ဓာကိုယ်၌ ထင်ရှားစေခြင်းငှာ၊ ငါတို့သည် အသက်ရှင်စဉ်တွင် ယေရှုကြောင့်သေခြင်းလက်သို့ အစဉ်အပ်နှံခြင်းကိုခံရကြ၏။ (ကောရိဒုတိယစောင် ၄း၇–၁၁)။ သင်သည် ချမ်းသာခြင်းကို ဂရုမစိုက်ဖြစ်မည်။ လောကီကြွယ်ဝခြင်းအရာသည် သင်မက်မောမည်မဟုတ်။ အထက်က အရာကိုသာ သင်ရှာဖွယ်မည်ဖြစ်သည်။"ငါတို့သည် ကိုယ်အကြောင်းကို ဟောပြောကြသည်မဟုတ်၊ ယေရှုခရစ် သည်သခင်ဖြစ်တော်မူကြောင်းငင်းဟောပြောကြသည်၏။ (ကောရိဒုတိယစာစောင် ၄း၅) ထိုတရားကို ဟောကြားလျှင် ဝိညဉ်တော်သည် ကျွန်ုပ်တို့အား ပညတ်တရား၏ ဝန်ထုပ်မှ လွတ်လပ်သောအသက်တာသို့ ခေါ်ဆောင်ရပါသည်။ သင်သည် ဘုရားသခင်၌စစ်မှန်စွာနေပါ။ သင်၏ ဆုတောင်းခြင်းအသက်တာဖြင့် သင်သည် ကောင်းချီးမင်္ဂလာခံစားရမည်ဖြစ်သည်။ စစ်မှန်သော ခရစ်တော်၏ အသက်တာဖြင့် သင်၏ အသက်တာ၌ ပေါ်လွင်ဖော်ပြမည်ဖြစ်သည်။

–အဲန်ဒံယေလ

## “မိခင်တယောက်၏ လွှမ်းမိုးခြင်းသည် မှတ်တိုက်သုတ်သင်လို့မလွယ်ပါ”

## "A mother’s influence cannot Be Wiped Away"

ကလေးငယ်များအစည်းအဝေးတွင် ကျွန်တော်တိုက်တွန်းစကားပြောနေစဉ်၊ လူတစ်ယောက်မတ်တပ်ရပ်ပြီး စကားပြောသည်မှာ" ပြီးခဲ့တဲ့ ၁၆ နှစ်တွင် သာသနာပြုပုဂ္ဂိုလ်တစ်ဦးသည် တခြားသောနိုင်ငံတွင် အမှုတော်ဆောင်၍ အမျိုးသမီးသေဆုံးခဲ့ပြီး ကလေး၃ယောက်ကို ချန်ထားခဲ့သည်။ တနင်္ဂနွေနေ့တွင် ဇနီးဆုံးရှုံးခဲ့သည့်နောက်တွင် အကြီးဆုံးသော သမီးလေးက “ဖေဖေ, ညီလေး၂ယောက်ကို အိပ်ခန်းတွင်ခေါ်ပြီး သူတို့နှင့်ဆုတောင်းပါရစေ မိခင်ပြုလုပ်သကဲ့သို့ဟုပြောသည်။ ဖခင်သည်လည်း သဘောတူပြီး အိပ်ခန်းတွင် ဆုတောင်းခဲ့ကြသည်။ အကြီးဆုံးဖြစ်သော နေလီသည် အသက်၁၀နှစ်အရွယ်က ဆုတောင်းခြင်းကို ဦးဆောင်ခဲ့သည်။

သူတို့ဆုတောင်းပြီးနောက် အခန်းထဲကနေ ထွက်လာကြ၍ ငိုကြွေးခဲ့ကြသည်။ ဘာဖြစ်ကြတာလဲလို့ ဖခင်က မေးမြန်းသည့်အခါတွင် နေလီက "အဖေ, အမေသင်ပြသကဲ့သို့ ဆုတောင်းကြသည် ဒါပေမယ့် ညီလေး ရှေစင်သည် အသက်ငယ်ရွယ်ဖြစ်၍ မိခင်ကမသင်ပြသေးပါဟု ပြောခဲ့သည်။ ဒါပေမယ့်ဤကဲ့သို့ဆုတောင်းခဲ့ သည်၊ "အိုထာဝရဘုရား ကျွန်ုပ်ချစ်လှစွာသော မိခင်သည် သင့်ထံသို့ ခေါ်တော်မူ၍ ယခုအခါ မိခင်မရှိတော့ပါ ဟု ဆုတောင်းခဲ့သည်။ ဤငယ်ရွယ်သော ကလေးဆုတောင်းသံသည် ဘုရားသခင်နားညောင်းတော်မူ၏။ ကျွန်ုပ်မိခင် သင်ပြသည့်တရားဒေသနာနှင့် တနင်္ဂနွေဘုရားကျောင်းတက်ရန် တိုက်တွန်းသည့် အခါပြင်းပယ် သည့်အချိန်ကို သတိရခဲ့သည်။ အချိန်ကြာလာ သည့်အခါ ဘုရားကျောင်းတွင် တရားဟောနားထောင်သည့် အရသာကို ခံစားပြီးနောက်ဆုံးတွင် ခရစ်တော်နှင့် တွေ့ဆုံခဲ့သည်။ "အို, ကျွန်ုပ်မိခင် ဘုရားကျောင်းမသွားချင် သည့်အခါတွင် အတင်းသွားရန် တိုက်တွန်းနိုးဆော်သောကြောင့် အလွန်ကျေးဇူးတင်၏။

–ဒီအယ်(လ်)မူးဒီး

## "သူတစ်ပါး၏ ဝန်ထုပ်ဝန်ပိုးကိုပင် မြှောက်၍သင်၏ ဝန်ထုပ်ဝန်ပိုးကိုလဲထောက်ပစေပါ"

## "Lifting the Burden of Others, Makes your Personal Burden Lighter"

ကျွန်တော်ချိုင်းနားနေစဉ်တွင် ခက်ခဲ့သောအရာ အသက်တာ၌ ရင်ဆိုင်ခဲ့ပြီး မောပန်းနွမ်းနယ်ခြင်း၊ ငြီး ငွေ့ထိုင်းမှိုင်းခြင်းနှင့် စိတ်ပျက်အားငယ်ခြင်း အသက်တာ၌ရောက်ရှိခဲ့သည်။ အတွင်းနှလုံးသားသည် ခြောက် သွေ့သလိုပဲဖြစ်သည်။ တစ်ယောက်ထဲအထီးကျန် တစ်စုံတရာ လိုအပ်သကဲ့သို့အသက်တာ ၌ဖြစ်နေသည်။ အိပ်ခန်းထဲဝင်လာသည့်အခါ ဒူးထောက်လျှက်၊ ဝမ်းနည်းစွာငိုကြွေးမိပြီး "သခင်ခရစ်တော်၏ စကား– "ရေ ဆာသောသူမူကား ငါ့ထံသို့လာ၍ရေသောက်ကြပါ"ဟု ခရစ်တော်မိန့်တော်မူသော စကားကို အသက်တာ၌ စကားပြောခဲ့သည်။ ကိုယ်တော်ကျွန်တော်သောက်ချင်၏ ဟုအော်ဟစ်နေ၏။ အခန်းထဲတွင် ဆုတောင်း၍ တ ဖြည်းဖြည်းနှင့် အသက်တာ၌ မောပန်းနွမ်းနယ်ခြင်း၊ စိတ်ပျက်အားငယ်ခြင်းများ ပျောက်ဆုံးခဲ့သည်။ ဘုရား သင်သည် ကြီးမားသော အကြံအစည်ရှိကြောင်း နားလည်သဘောပေါက်ခဲ့သည်။ ထိုအကြံအစည်ကို ပြည့် စုံဖို့ရန် ကျွန်ုပ်ကို လိုလား၏။ ဘုရားသခင်ထားသော နေရာ၊ ဖြစ်စေချင်သော အဆင့်အတန်း၌ အကျွန်ုပ်သည် ကျေနပ်ရောင့်ရဲခြင်း ရှိခဲ့ပါသည်။ ယောဘဝတ္ထုကို ဖတ်သောသည့်အခါအသက်တာ၌ စကားပြောသည့် ကျမ်း ပုဒ်သည် "ယောဘသည် ဆွေမျိုးခင်ပွန်းတို့အဘို့ဆုတောင်းပြီးမှ၊ သူခံရသောအကြောင်းကို ထာဝရဘုရား သည် ပယ်ရှင်း၍" (ယောဘ ၄၂း၁၀)။ ယောဘ၏ အခက်အခဲရင်ဆိုင်မှုကို ခွန်အားယူတာမဟုတ်ဘဲနှင့် သူ ငယ်ချင်းများ၏ မှားယွင်းစွာ ဆုံးဖြတ်ခြင်းမှ ဘုရားသခင်ကို ကိုးစားယုံကြည်ပြီး ခိုင်မြဲစွာနေသည့် အကြောင်း၊ ဘုရားသခင်သည် အလုံးစုံတို့ကို တတ်နိုင်တော်မူကြောင်းကိုရင်း၊ အကြံအစည်တော်ကို ဘယ်သူမစည်းတား နိုင်ကြောင်းကိုရင်း၊ ယောဘသိပါ၏။ အဲဒီနေ့ကနေအသက်တာ၌ စိတ်ပျက်အားငယ်ခြင်းရောက်လျှင် ဘယ်လို

ရင်ဆိုင်မလဲဆိုသည့်ကို နားလည်သဘောပေါက်ခဲ့သည်။ သူတပါးအတွက်ဆုတောင်းခြင်းသည် ကိုယ့်အပေါ်တွင် ကောင်းချီးခံစားပြီး အသက်တာ၌ ပျော်ရွှင်ခြင်းခံစားခဲ့သည်။

–ဖစ်လစ်သော်(န်)ဆန်